ကွယ်လွန်သူ မိဘနှစ်ပါးနှင့် အစ်ကို၊ အစ်မ များအား ရည်စူး၍

**ဒေါ်ဥမ္မာကြည် (ဒုပြည်နယ်ဥပဒေအရာရှိ-ငြိမ်း)၊**

**ဒေါက်တာ ဒေါ်ခင်မြင့်ဇင် (ပါမောက္ခ-ငြိမ်း)**

မိသားစုမှ လှူဒါန်းပါသည်။

အမှတ်(၄၁/၄၃)၊ ဝါးခယ်မလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

# ခို နား ရာ

**သာသနဝေပုလ္လခိုနားရာဓမ္မရိပ်သာ**

**(၈)ခုတို့၏ ပင်မဓမ္မရိပ်သာ**

**စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။**

“ဗုဒ္ဓရင်ခွင် ခိုနားဝင် အပူကင်းပါစေ။
ဓမ္မရင်ခွင် ခိုနားဝင် အပူကင်းပါစေ။
သံဃရင်ခွင် ခိုနားဝင် အပူကင်းပါစေ။
မိဘရင်ခွင် ခိုနားဝင် အပူကင်းပါစေ။
ဆရာရင်ခွင် ခိုနားဝင် အပူကင်းပါစေ။”

**ကိလေသာ ကင်းစင်လိုသူတို့၏ ခိုနားရာ**
**သတ္တဝါအားလုံးတို့၏ ခိုနားရာ**

တရားမထိုင်မီ တရားအားမထုတ်ကြသေးမီ ပုဗ္ဗကိစ္စများကို ပြုလုပ် ဆောင်ရွက်ကြမှာဖြစ်ပါတယ်။ အားလုံးညီညီညာညာ လိုက်ဆိုပါ။

(က) တပည့်တော်တို့၏ ခန္ဓာငါးပါး ရုပ်နာမ်နှစ်ပါးကို မြတ်စွာဘုရားအား လှူဒါန်းပါ၏ အရှင်ဘုရား။

( ခ) တပည့်တော်တို့သည် မိုက်မဲတွေဝေခဲ့သည့်အလျောက် ရတနာသုံးပါးနှင့်တကွ မိဘ-ဆရာ ပုဂ္ဂိုလ်သူမြတ်တို့အား ကံသုံးပါးတို့တွင် တစ်ပါးပါးဖြင့် ပြစ်မှားမိခဲ့သည်ရှိသော် ထိုအပြစ်တို့မှ ပျောက်ပါစေခြင်း အကျိုးငှာ တောင်ပန်ဝန်ချ ကန်တော့ပါ၏အရှင်ဘုရား။

( ဂ) ကိုယ်စောင့်နတ်၊ အိမ်စောင့်နတ်၊ ကျောင်းစောင့်နတ်၊ ဓမ္မာရုံစောင့်နတ်၊ ရွာစောင့်နတ်၊ မြို့စောင့်နတ်၊ သာသနာတော်စောင့်နတ်၊

ကမ္ဘာစောင့်နတ်များနှင့်တကွ ရှိရှိသမျှ သတ္တဝါဟူသမျှတို့သည် အသက်ထက်ဆုံး ဘေးမသီရန်မခ ကျန်းမာချမ်းသာကြပါစေ။

(ဃ) ရှေးရှေးဘ၀ ယခုဘ၀ ပြုပြုသမျှ ဒါန သီလစသော ကုသိုလ်တို့သည် တပည့်တော်တို့ အလိုရှိအပ်သော မဂ်ဖိုလ်နိဗ္ဗာန်ကို ရခြင်း ရောက်ခြင်း အကျိုးငှာ လျင်မြန်စွာ ကျေးဇူးပြုပါစေသတည်း။

( င) ငါသည်မုချသေရမည် အချိန်ပိုင်းသာလိုတော့သည် (၃)ခေါက်

အသေမဦးခင် ဉာဏ်ဦးအောင် ဝိပဿနာတရားကို ကြိုးစားအားထုတ်ပါတော့မည်။



## ကမ္မဋ္ဌာန်းတောင်းရန်

ကမ္မဋ္ဌာနံ မေ ဘန္တေ ဒေထ သံသာရ ဝဋ္ဋဒုက္ခတော မောစနတ္ထာယ။ ဘန္တေ၊ အရှင်မြတ်တို့ဘုရား။ မေ အမှားကံ၊ တပည့်တော်တို့အား။ သံသာရဝဋ္ဋဒုက္ခတော၊ သံသရာဝဋ်ဆင်းရဲမှ မောစနတ္ထာယ၊ လွတ်မြောက်ပါစေခြင်းအကျိုးငှာ၊ ကမ္မဋ္ဌာနံ၊ မဂ်ဉာဏ် ဖိုလ်ပေါက် နိဗ္ဗာန်ရောက်ကြောင်း အကောင်းဆုံးဖြစ်သော ကမ္မဋ္ဌာန်းတရားကို ဒေထ၊ ကရုဏာထား ပေးသနားတော် မူပါကုန်အရှင်ဘုရား။

.....သာဓု......သာဓု......သာဓု.......

(အလုပ်ပေးတရားအနည်းငယ်ဟောရန်နှင့် တရားဆက်ထိုင်ခိုင်းရန်)

## ၂။ နံနက်(၅၃၀)ဘောဇနဆောင်လွှတ်

ယောဂီသူတော်စင်အပေါင်းတို့ ယခုအချိန်ဟာ ဘောဇနဆောင်သို့ ကြွလှမ်းကြရမဲ့ အချိန်ဖြစ်ပါတယ်။

ယနေ့သာသနာတော်နှစ်...............ခုနှစ်၊ ကောဇာသက္ကရာဇ်...............ခုနှစ်၊ ..............လ၊ ခရစ်နှစ်...........၊ ...........နေ့၊ (ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ်၊ မူလဥယျာဉ်တိုက် သာသနနဝေပုလ္လ ခိုနားရာ ဓမ္မရိပ်သာ(၈)ခုတို့၏ ပင်မဓမ္မရိပ်သာကြီးအတွင်း) (........)ကြိမ်မြောက် စီရင်ကျင်းပ ပူဇော်အပ်သော

(၇)ရက်အဓိဋ္ဌာန် နိဗ္ဗာန်ဝင်လမ်းတရားစခန်းပွဲကြီး၏(.......) ရက်မြောက်သော နံနက်ခင်းမှာ ဘုရားအမှူးရှိသော သံဃာတော် အရှင်သူမြတ်တို့နှင့် ယောဂီသူတော်စင်တို့၏ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တို့ကို ကြည်ညိုသောအားဖြင့် အရုဏ်ဆွမ်းဆပ်ကပ်လှူဒါန်းကြတဲ့ ကောင်းမှုရှင် စေတနာရှင်များကတော့..............တို့ဖြစ်ကြပါတယ်၊ အချိုပွဲ အလှူရှင် စေတနာရှင်များကတော့..... တို့ဖြစ်ကြပါတယ်.....

### (အလှူရှင်များအား တရားအနည်းငယ်ဟောရန်)

ယနေ့လှူဒါန်းကြတဲ့ အလှူရှင်များဟာ မိမိတို့ရရှိထားတဲ့ ပစ္စည်းဥစ္စာတည်းဟူသောအကာမှ ဒါနတည်းဟူသော အနှစ်သာရ ရရှိအောင် ထုတ်နှုတ်ကြတာဖြစ်လို့ ပစ္စည်းဥစ္စာ အနှစ်ရှာဆိုတဲ့ လင်္ကာဆောင်ပုဒ်တို့ဖြင့် အလှူရှင်တို့ကို ဂုဏ်ပြုကြရအောင် တစ်ခေါက်တိုင်ပေးမယ်၊ နှစ်ခေါက်ပြန်ဆို အားလုံးလိုက်ဆို...

(က) ပစ္စည်းဥစ္စာ အနှစ်ရှာ တွေ့တာဒါနပဲ-(၂ ခေါက်)

(ခ) ဒါနပြုနိုင်ကိုယ်သာပိုင် ကိုယ်ပိုင်ပစ္စည်းမှတ်လိုက်ပါ- (၂ ခေါက်)

(ဂ) ဒါနမပြုနိုင် ကိုယ်မပိုင် ဘုံဆိုင်ပစ္စည်းမှတ်လိုက်ပါ- (၂ ခေါက်)



အလှူရှင်တို့ကို မေတ္တာပို့ကြရအောင် လိုက်ဆိုကြ.......

အမြတ်ဆုံးသောပူဇော်ခြင်းဖြင့် မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ကို လျင်မြန်စွာမျက်မှောက် ပြုနိုင်ပါစေသား အရှင်မြတ်ဘုရား၊ ယနေ့နံနက်ပိုင်း၌ အရုဏ်ဆွမ်း/ အရုဏ်အချိုပွဲ ဆက်ကပ် လှူဒါန်းကြသော အလှူရှင် အလှူအမ မိသားစုတို့သည် ဘေးရန်ခပ်သိမ်း ကင်းငြိမ်းကြပါစေ၊ ဆင်းရဲခပ်သိမ်း ကင်းငြိမ်းကြပါစေ၊ ဒေါသခပ်သိမ်း ကင်းငြိမ်းကြပါစေ၊ ရောဂါခပ်သိမ်း ကင်းငြိမ်းကြပါစေ၊ သောကခပ်သိမ်း ကင်းငြိမ်းကြပါစေ၊ မိမိကိုယ်ကို ချမ်းသာအောင် ဆောင်ရွက်နိုင်ပါစေ၊ စည်းစိမ်ဥစ္စာအဖြာဖြာတိုးပွားကြပါစေ။

ဝေယျာဝစ္စ ဆောင်ရွက်ကြသူတွေ ဘေးရန်ခပ်သိမ်း ကင်းငြိမ်းကြပါစေ၊ ဆင်းရဲခပ်သိမ်း ကင်းငြိမ်းကြပါစေ၊ ဒေါသခပ်သိမ်း ကင်းငြိမ်းကြပါစေ၊ ရောဂါခပ်သိမ်း ကင်းငြိမ်းကြပါစေ၊ သောကခပ်သိမ်း ကင်းငြိမ်းကြပါစေ၊ မိမိကိုယ်ကို ချမ်းသာအောင် ဆောင်ရွက်နိုင်ပါစေ၊ စည်းစိမ်ဥစ္စာအဖြာဖြာ တိုးပွားကြပါစေ။

အားလုံးသတ္တဝါတွေ ဘေးရန်ခပ်သိမ်း ကင်းငြိမ်းကြပါစေ၊ ဆင်းရဲခပ်သိမ်း ကင်းငြိမ်းကြပါစေ၊ ဒေါသ ခပ်သိမ်း ကင်းငြိမ်းကြပါစေ၊ ရောဂါခပ်သိမ်း ကင်းငြိမ်းကြပါစေ၊ သောကခပ်သိမ်း ကင်းငြိမ်းကြပါစေ၊ မိမိကိုယ်ကို ချမ်းသာအောင် ဆောင်ရွက်နိုင်ပါစေ၊ စည်းစိမ်ဥစ္စာအဖြာဖြာ တိုးပွားကြပါစေ။

အလှူရှင်တို့ကို မေတ္တာပို့သ ပေးတာဖြစ်ပါတယ်၊ အလှူရှင်တို့အားလုံး ခုပို့သတဲ့မေတ္တာဓာတ်ကြောင့် ခုဘဝ သံသရာအေးချမ်းကြပါစေ၊ ကုသိုလ်အားလုံတို့ကို မိမိတို့ ကိုယ်တိုင်တွေ့ရှိပါပြီ၊ မိမိတို့ကုသိုလ်ကို မျှော်လင့်နေသော အခြားသော (၃၁)ဘုံသားတို့ ကြားသိအောင် အလှူရှင်တွေက ရေစက်ခွက်ကိုင် ရေစက်ချကြရအောင် အားလုံးလိုက်ဆို......

ဘုရားအမှူးရှိသော သံဃာတော်အရှင်သူမြတ်တို့နှင့် ယောဂီတို့၏ သီလဂုဏ်၊ သမာဓိဂုဏ် ပညာဂုဏ်တို့ကို ကြည်ညိုသောအားဖြင့် အရဟာ်ဆွမ်း/အရဟာ်အချိုပွဲ လှူဒါန်းရသော ကုသိုလ်ကောင်းမှုကြောင့် ယနေ့မှစ၍ ဘေးခပ်သိမ်း၊ ရန်ခပ်သိမ်း၊ အန္တရယ်ခပ်သိမ်း၊ ရောဂါခပ်သိမ်း ကင်းငြိမ်းပြီးလျှင် ဒုက္ခခပ်သိမ်း ကင်းငြိမ်းရာ အမှန်မြတ်နိဗ္ဗာန်၏ ရရာရောက်ကြောင်း အထောက်အပံ့ကောင်းသည် ဖြစ်ပါစေသား အရှင်မြတ်ဘုရား ဤကောင်းမှု၏ အဖို့ဘာဂကို ကျေးဇူးကြီးမားမိဘနှစ်ပါး၊ ဆရာသမားအစထား၍ အားလုံးသော သတ္တဝါ အပေါင်းတို့အား အမျှပေးဝေပါကုန်၏ အမျှရ၍ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာ ဝမ်းသာကြသည် ဖြစ်ကြပါစေသော်ဝ်။

ဘောဇနဆောင်-ပစ္စဝက္ခဏာဆင်ခြင်ကြရအောင် အားလုံးလိုက်စိုကြပါ။

ဤသည်စားဖွယ်၊ အမယ်မယ်ကို မြူးရယ်+မာန်ကြွ၊ လှပရေဆင်း ပြည့်ဖြိုးခြင်းငှာ၊ မသုံးပါဘူး။ လေးဖြာဓာတ်



ဆောင်၊ ဤကိုယ်ကောင်သည် ရှည်အောင်တည်လျှက်၊ အသက်မျှတမ်း၊ မမောပန်းငြား၊ ဘုရားသာသနာ ကျင့်နှစ်ဖြာကိုကျင့်ပါနိုင်စေ ဝေဒနာဟောင်းသစ် မဖြစ်စေရ၊ ယာပိုဒ်မျှလစ် ခပ်သိမ်းပြစ်ကို မဖြစ်လေအောင် ချမ်းမြေ့အောင်ဟု သုံးဆောင်မှီဝဲပါသတည်း။

ရွှေငွေပတ္တမြား ဒီရေအလားတိုးပွားကြပါစေ၊ ကိုးဆယ့်ခြောက်ဖြာ ဘေးရောဂါ ကင်းရှင်းကြပါစေ၊ မိမိကောင်းမှု အကြောင်းပြုတောင်းဆုပြုနိုင်စေ၊ သတ္တဝါဟူသ၍ တရားတွေ့ ချမ်းမြေ့သာယာရှိပါစေ၊ သတ္တဝါအများ မြတ်တရား နာကြားနိုင်ကြပါစေ။ သတ္တဝါအများ မြတ်တရား ခိုနားနိုင်ကြပါစေ။

ကုသိုလ် အမျှ…အမျှ…အမျှ…ယူတော်မူကြပါကုန်လော့
သာဓု…သာဓု…သာဓု..

ကုသိုလ် အမျှ…အမျှ…အမျှ…ယူတော်မူကြပါကုန်လော့
သာဓု…သာဓု…သာဓု..

ကုသိုလ် အမျှ…အမျှ…အမျှ…ယူတော်မူကြပါကုန်လော့
သာဓု…သာဓု…သာဓု..

## ၃။ နံနက်(၉၀၀)သီလပေးနှင့် အလုပ်ပေး

(က) ဆုပေး....

အမြတ်ဆုံးဖြစ်သော ဘုရားရတနာ၊ အမြတ်ဆုံးဖြစ်သော တရားရတနာ၊ အမြတ်ဆုံးဖြစ်သော သံဃာရတနာ၊ ရတနာမြတ်သုံးပါး အပေါင်းတို့နှင့်တကွ ဆရာသမားတို့အား ရိုသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးပူဇော် ဖူးမြော်မာန်လျှော့ ကန်တော့ကြရခြင်းတည်းဟူသော ပူဇဝန္တ ပဏာမစေတနာ သဒ္ဓါ ပညာ ဝီရိယတရားတို့ကြောင့် ယောဂီအပေါင်းသူတော်ကောင်းတို့သည် အလိုရှိအပ် တောင်းတအပ်သော မအို မနာ မသေ အမြဲနေရာဖြစ်သော နိဗ္ဗာန်သို့လည်းကောင်း၊ ဒုက္ခခပ်သိမ်း ချုပ်ပြတ်ငြိမ်းသည့် အေးငြိမ်းရာအမှန်ဖြစ်သော နိဗ္ဗာန်သို့လည်းကောင်း၊ တစ်ထောင့်ငါးရာကိလေသာ အပူခေတ်၊ အလောင်ခေတ်တို့၏ ချုပ်ရာ ငြိမ်းရာ သိမ်းရာဖြစ်သော နိဗ္ဗာန်သို့လည်းကောင်း မိမိတို့ပွားများ အားထုတ်ဆဲဖြစ်သော ဒါန သီလ စေတနာကံနှင့်တကွ ဝိပဿနာဉာဏ်သည် လျှင်မြန်စွာ မဂ်ဉာဏ်သို့ ကျေးဇူးပြု၍ နိဗ္ဗာန်သို့ ရလွယ် ရောက်လွယ် မျက်မှောက် ပြုလွယ်နိုင်ကြသည်ဖြစ်ကြပါစေ။...

(အလုပ်စခန်းအတိုင်းကျင့်ကြံပွားများအားထုတ်ပါမည်ဘုရား)
ယောဂီများမှ ၂ ခေါက်ဆိုရန်



(ခ) အဟံဘန္တေ တိသရဏေနသဟ နဝင်္ဂသမ္မန္နာဂတံ ဥပေါသထသီလံ ဓမ္မံယာစာမိ အနုဂ္ဂဟံ ကတွာ သီလံဒေထ မေ ဘန္တေ။

ဒုတိယမ္ပိ အဟံဘန္တေ တိသရဏေနသဟ နဝင်္ဂသမ္မန္နာဂတံ ဥပေါသထသီလံ ဓမ္မံယာစာမိ အနုဂ္ဂဟံ ကတွာ သီလံဒေထ မေ ဘန္တေ။

တတိယမ္ပိ အဟံဘန္တေ တိသရဏေနသဟ နဝင်္ဂသမ္မန္နာဂတံ ဥပေါသထသီလံ ဓမ္မံယာစာမိ အနုဂ္ဂဟံ ကတွာ သီလံဒေထ မေ ဘန္တေ။

(ယမဟံဝဒါမိ တံဝဒေထ) အာမဘန္တေပါအရှင်ဘုရား

(ဂ) (နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ) ၃ကြိမ်

(ဃ) ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ။

ဤလူ့ဘဝ အရတော်သည် ဗုဒ္ဓဘုရား၏ ဂုဏ်ကိုရည် ယုံကြည်မြတ်နိုး လက်စုံမိုးကာ ရှိခိုးပါ၏။

ဤလူ့ဘဝ အရတော်သည် တရားတော်မြတ်၏ ဂုဏ်ကိုရည် ယုံကြည်မြတ်နိုး လက်စုံမိုးကာ ရှိခိုးပါ၏။

ဤလူ့ဘဝ အရတော်သည် သံဃာတော်များ၏ ဂုဏ်ကိုရည် ယုံကြည်မြတ်နိုး လက်စုံမိုးကာ ရှိခိုးပါ၏။

ဒုတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ။

တတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ။

(တိသရဏ ဂဟဏံ ပရိပုဏ္ဏံ) အာမဘန္တေပါအရှင်ဘုရား

၁။ ပါဏာတိပါတာ ဝေရာမဏီ သိက္ခာပဒံ သမာဒိယာမိ၊

သူတစ်ပါးအသက်ကိုသက်ဖြတ်ခြင်းမှ ရှောင်ကြဉ်ပါ၏ စောင့်ထိန်းပါ၏။

၂။ အဒိန္နာဒါန ဝေရာမဏီ သိက္ခာပဒံ သမာဒိယာမိ၊

သူတစ်ပါးတို့၏ ပစ္စည်းဥစ္စာကို ခိုးယူခြင်းမှ ရှောင်ကြဉ်ပါ၏ စောင့်ထိန်းပါ၏။

၃။ အဗြဟ္မစရိယာ ဝေရာမဏီ သိက္ခာပဒံ သမာဒိယာမိ၊

မမြတ်သော အကျင့်တို့ကို ကျင့်ခြင်းမှ ရှောင်ကြဉ်ပါ၏ စောင့်ထိန်းပါ၏။

၄။ မုသာဝါဒါ ဝေရာမဏီ သိက္ခာပဒံ သမာဒိယာမိ၊

လိမ်ညာပြောဆိုခြင်းမှ ရှောင်ကြဉ်ပါ၏ စောင့်ထိန်းပါ၏။

၅။ သုရာမေရယ မဇ္ဇပမာဒဋ္ဌာနာ ဝေရာမဏီ သိက္ခာပဒံ သမာဒိယာမိ၊

မူးယစ်စေတတ်သော သေရည်အရက် အစရှိသည်တို့ကို သောက်သုံးခြင်းမှ ရှောင်ကြဉ်ပါ၏ စောင့်ထိန်းပါ၏။



၆။ ဝိကာလဘောဇနာ ဝေရာမဏီ သိက္ခာပဒံ သမာဒိယာမိ၊

နေ့လွဲညစာ စားသုံးခြင်းမှ ရှောင်ကြဉ်ပါ၏ စောင့်ထိန်းပါ၏။

၇။ နစ္စ ဂီတ ဝါဒိတ ဝိသူက ဒဿန မာလာဂန္ဓ ဝိလေပန ဓာရဏ မဏ္ဍန ဝိဘူသနဋ္ဌာနာ ဝေရာမဏီ သိက္ခာပဒံ သမာဒိယာမိ၊

ကိုယ်တိုင်ကခြင်း၊ သီဆိုခြင်း၊ သူတစ်ပါးကို ကစေခြင်း၊ သီဆိုစေခြင်း၊ ပန်းပန်ခြင်း၊ နံ့သာလိမ်းခြင်း တို့မှရှောင်ကြဉ်ပါ၏ စောင့်ထိန်းပါ၏။

၈။ ဥစ္စာသယန မဟာသယနာ ဝေရာမဏီ သိက္ခာပဒံ သမာဒိယာမိ,

မြင့်သောနေရာ မြတ်သောနေရာတို့၌ ထိုင်ခြင်း၊ အိပ်ခြင်း၊ လဲလျောင်းခြင်းတို့မှ ရှောင်ကြဉ်ပါ၏ စောင့်ထိန်းပါ၏။

၉။ မေတ္တာ သဟဂတေန စေတသာ သဗ္ဗပါဏ ဘူတေသု ဖရိတွာ ဝိဟရဏံ သမာဒိယာမိ၊

(သဗ္ဗေသတ္တာ ဝေနေယျာ ချမ်းသာကိုယ်စိတ်မြဲပါစေ၊

သတ္တဝါဟူ သ၍ တရားတွေ့ ချမ်းမြေ့သာယာရှိပါစေ၊

သတ္တဝါအများ မြတ်တရား နားကြားနိုင်ကြပါစေ၊

သတ္တဝါအများ မြတ်တရား ခိုနားနိုင်ကြပါစေ၊

ငါသည် မုချ တစ်နေ့ကြသေရမှာပါ တကား)[၃ခေါက်]

ဣဒံမေဒါနံ၊ ဣဒံမေသီလံ၊ ဣဒံမေဘာဝနံ ဗောဓိဉာဏဿ ပစ္စယော ဟောတု။

ဣဒံမေ ဒါနံ၊ ယနေ့ယခု လှူဒါန်းရသော ဒါနကုသိုလ်။ ဣဒံမေသီလံ၊ ယနေ့ယခု ဆောက်တည်ရသော သီလကုသိုလ်သည်။ ဗောဓိဉာဏဿ၊ သစ္စာလေးပါး မြတ်တရားတို့ကို နားကြားသိမြင် ပွားများ အားထုတ်နိုင်သော အထောက်အပံ့ကောင်းသည်။ ဟောတု၊ စင်စစ်မသွေ ဖြစ်ပါစေသတည်း။ ( တိသဏေနသဟ နဝင်္ဂ သပန္နာဂတံဥပေါ်သထသီလံ ဓမ္မာသာမုကတွာအမွာဒေန သမွာဒေထ) အာမဘန္တေပါဘုရား

(အလုပ်ပေးတရားဟောရန်)

၄။ (၁၀:၃၀) ဆွမ်းလှူတ်

ယောဂီသူတော်စင်အပေါင်းတို့ ယခုအချိန်ဟာ ဘောဇနဆောင်သို့ကြွလှမ်းကြရမဲ့ အချိန်ဖြစ်ပါတယ်။

ယနေ့သာသနာတော်နှစ်------------ခုနှစ်၊ ကောဇာသက္ကရာဇ် -----------ခုနှစ်၊ ---------လ၊

ခရစ်နှစ်-----------၊ ----------နေ့၊ (ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ်၊ မူလဥယျာဉ်တိုက် သာသနာဝေပုလ္လ ခိုးနားရာဓမ္မရိပ်သာ(၈)ခုတို့၏ ပင်မဓမ္မရိပ်သာကြီးအတွင်း) (------)ကြိမ်မြောက် စီရင်ကျင်းပ ပူဇော်အပ်သော (၇)ရက် အဓိဋ္ဌာန် နိဗ္ဗာန်ဝင်လမ်း တရားစခန်းပွဲကြီး၏(------)ရက်မြောက်သော နေ့လည်ခင်းမှာ ဘုရားအမှူးရှိသော သံဃတော် အရှင်သူမြတ်တို့နှင့် ယောဂီသူတော်စင်တို့၏ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တို့ကို



ကြည်ညိုသောအားဖြင့် နေ့ဆွမ်းဆပ်ကပ်လှူဒါန်းကြတဲ့ ကောင်းမှုရှင်များကတော့ ------------------------------ တို့ဖြစ်ကြပါတယ်၊ အချိုပွဲအလှူရှင် စေတနာရှင်များကတော့-- -------------- တို့ဖြစ်ကြပါတယ်...

(အလှူရှင်များအား တရားအနည်းငယ်ဟောရန်)

ယနေ့လှူဒါန်းကြတဲ့ အလှူရှင်များဟာမိမိတို့ရရှိထားတဲ့ ပစ္စည်းဥစ္စာတည်းဟူသောအကာမှ ဒါနတည်းဟူသော အနှစ်သာရ ရရှိအောင် ထုတ်နှုတ်ကြတာဖြစ်လို့ ပစ္စည်းဥစ္စာ အနှစ်ရှာဆိုတဲ့ လင်္ကာဆောင်ပုဒ်တို့ဖြင့် အလှူရှင်တို့ကို ဂုဏ်ပြုကြရအောင် အားလုံးလိုက်ဆို...

(က) ပစ္စည်းဥစ္စာ အနှစ်ရှာ တွေ့တာဒါနပဲ-( ၂ ခေါက်)

( ခ) ဒါနပြုနိုင် ကိုယ်သာပိုင် ကိုယ်ပိုင်ပစ္စည်းမှတ်လိုက်ပါ- ( ၂ ခေါက်)

( ဂ) ဒါနမပြုနိုင် ကိုယ်မပိုင် ဘုံဆိုင်ပစ္စည်းမှတ်လိုက်ပါ- (၂ ခေါက်)

အလှူရှင်တို့ကို မေတ္တာပို့ကြရအောင် လိုက်ဆိုကြ...

အမြတ်ဆုံးသောပူဇော်ခြင်းဖြင့် မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ကို လျှင်မြန်စွာမျက်မှောက် ပြုနိုင်ပါစေသား အရှင်မြတ်ဘုရား၊ ယနေ့နေ့လည်ပိုင်း၌ နေ့ဆွမ်း/နေ့အချိုပွဲ ဆက်ကပ်လှူဒါန်းကြသော အလှူရှင် အလှူ့အမ မိသားစုတို့သည် ဘေးရန်ခပ်သိမ်း ကင်းငြိမ်းကြပါစေ၊ ဆင်းရဲခပ်သိမ်း ကင်းငြိမ်းကြပါစေ၊ ဒေါသခပ်သိမ်း ကင်းငြိမ်းကြပါစေ၊ ရောဂါခပ်သိမ်း

ကင်းငြိမ်းကြပါစေ၊ သောကခပ်သိမ်း ကင်းငြိမ်းကြပါစေ၊ မိမိကိုယ်ကို ချမ်းသာအောင် ဆောင်ရွက်နိုင်ပါစေ၊ စည်းစိမ်ဉစ္စာ အဖြာဖြာ တိုးပွားကြပါစေ။

ဝေယျာဝစ္စ ဆောင်ရွက်ကြသူတွေ ဘေးရန်ခပ်သိမ်း ကင်းငြိမ်းကြပါစေ၊ ဆင်းရဲခပ်သိမ်း ကင်းငြိမ်းကြပါစေ၊ ဒေါသ ခပ်သိမ်း ကင်းငြိမ်းကြပါစေ၊ ရောဂါခပ်သိမ်း ကင်းငြိမ်းကြပါစေ၊ သောကခပ်သိမ်းကင်းငြိမ်းကြပါစေ၊ မိမိကိုယ်ကိုချမ်းသာအောင် ဆောင်ရွက်နိုင်ပါစေ၊ စည်းစိမ်ဉစ္စာ အဖြာဖြာ တိုးပွားကြပါစေ။

အားလုံးသတ္တဝါတွေ ဘေးရန်ခပ်သိမ်း ကင်းငြိမ်းကြပါစေ၊ ဆင်းရဲခပ်သိမ်း ကင်းငြိမ်းကြပါစေ၊ ဒေါသခပ်သိမ်း ကင်းငြိမ်း ကြပါစေ၊ ရောဂါခပ်သိမ်း ကင်း ငြိမ်းကြပါစေ၊ သောကခပ်သိမ်း ကင်းငြိမ်းကြပါစေ၊ မိမိကိုယ်ကို ချမ်းသာအောင် ဆောင်ရွက် နိုင်ပါစေ၊ စည်းစိမ်ဉစ္စာ အဖြာဖြာ တိုးပွားကြပါစေ။

အလှူရှင်တို့ကို မေတ္တာပို့သ ပေးတာဖြစ်ပါတယ်၊ အလှူရှင်တို့အားလုံး အခုပို့သတဲ့မေတ္တာဓာတ်ကြောင့် အခုဘဝ သံသရာအေးချမ်းကြပါပြီ၊ ကုသိုလ်အားလုံးတို့ကို မိမိတို့ ကိုယ်တိုင်တော့ရရှိပါပြီ၊ မိမိတို့ကုသိုလ်ကို မျှော်လင့်နေသော အခြားသော (၃၁) ဘုံသားတို့ ကြားသိအောင် အလှူရှင်တွေက ရေစက်ခွက်ကိုင် ရေစက်ချကြရအောင် အားလုံးလိုက်ဆို…

ဘုရားအမှူးရှိသော သံဃာတော် အရှင်သူမြတ်တို့နှင့် ယောဂီတို့၏ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တို့ကို ကြည်ညိုသောအားဖြင့် နေ့ဆွမ်း/ နေ့အချို့ပွဲ လှူဒါန်းရသော ကုသိုလ်ကောင်းမှုကြောင့် ယနေ့မှစ၍ ဘေးခပ်သိမ်း၊ ရန်ခပ်သိမ်း၊ အန္တရာယ်ခပ်သိမ်း၊ ရောဂါခပ်သိမ်း ကင်းငြိမ်းပြီးလျှင် ဒုက္ခ



ခပ်သိမ်း ကင်းငြိမ်းရာ အမှန်မြတ်နိဗ္ဗာန်၏ ရရာရောက်ကြောင်း အထောက်အပံ့ကောင်းသည် ဖြစ်ပါစေသား အရှင်မြတ်ဘုရား၊ ဤကောင်းမှု၏ အဖို့ဘာဂကို ကျေးဇူးကြီးမား မိဘနှစ်ပါး၊ ဆရာသမားအစထား၍ အားလုံးသော သတ္တဝါအပေါင်းတို့အား အမျှပေးဝေပါကုန်၏၊ အမျှရ၍ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာ ဝမ်းသာကြသည် ဖြစ်ကြပါစေသော်ဝ်။

ကုသိုလ် အမျှ…အမျှ…အမျှ…ယူတော်မူကြပါကုန်လော့

သာဓု…သာဓု…သာဓု..

ကုသိုလ် အမျှ…အမျှ…အမျှ…ယူတော်မူကြပါကုန်လော့

သာဓု…သာဓု…သာဓု..

ကုသိုလ် အမျှ…အမျှ…အမျှ…ယူတော်မူကြပါကုန်လော့

သာဓု…သာဓု…သာဓု..

ဤသည်စားဖွယ်၊ အမယ်မယ်ကို မြိုးရယ်+မာန်ကြွ၊ လုပရေဆင်း ပြည့်ဖြိုးခြင်းငှာ၊ မသုံးပါဘူး။ လေးဖြာဓာတ် ဆောင်၊ ဤကိုယ်ကောင်သည် ရှည်အောင်တည်လျှက်၊ အသက် မျှတမ်း၊ မဓောပန်းငြား၊ ဘုရားသာသနာ ကျင့်နှစ်ဖြာကိုကျင့်ပါ နိုင်စေ ဝေဒနာဟောင်းသစ် မဖြစ်စေရ၊ ယာပိုဒ်မျှလစ် ခပ်သိမ်း ပြစ်ကို မဖြစ်လေအောင် ချမ်းမြေ့အောင်ဟု သုံးဆောင်မှီဝဲပါသ တည်း။

ဘောဇနဆောင်-ပစ္စဝက္ခဏာဆင်ခြင်ကြရအောင် အားလုံး လိုက်စိုကြပါ။

ရွှေငွေပတ္တမြား ဒီရေအလားတိုးပွားကြပါစေ၊ ကိုးဆယ့် ခြောက်ဖြာ ဘေးရောဂါ ကင်းရှင်းကြပါစေ၊ မိမိကောင်းမှု

အကြောင်းပြုတောင်းဆုပြုနိုင်စေ၊ သတ္တဝါဟူသ၍ တရားတွေ့ချမ်းမြေ့သာယာရှိပါစေ၊ သတ္တဝါအများ မြတ်တရား နာကြားနိုင်ကြပါစေ။ သတ္တဝါအများ မြတ်တရား ခိုနားနိုင်ကြပါစေ။

ကုသိုလ် အမျှ…အမျှ…အမျှ…ယူတော်မူကြပါကုန်လော့

သာဓု…သာဓု…သာဓု..

ကုသိုလ် အမျှ…အမျှ…အမျှ…ယူတော်မူကြပါကုန်လော့

သာဓု…သာဓု…သာဓု..

ကုသိုလ် အမျှ…အမျှ…အမျှ…ယူတော်မူကြပါကုန်လော့

သာဓု…သာဓု…သာဓု..



## ၅။ နေ့လည်(၁:၀၀)ပဋ္ဌိစ္စသမုပ္ပါဒ်သင်တန်းတရားဟောရန်

(က) ဆုပေး…

အမြတ်ဆုံးဖြစ်သော ဘုရားရတနာ၊ အမြတ်ဆုံးဖြစ်သော တရားရတနာ၊ အမြတ်ဆုံးဖြစ်သော သံဃာရတနာ၊ ရတနာမြတ်သုံးပါး အပေါင်းတို့နှင့်တကွ ဆရာသမားတို့အား ရှိသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးပူဇော် ဖူးမျှော်မာန်လျှော့ ကန်တော့ရခြင်းတည်းဟူသော ပူဇဝန္ဒ ပဏာမစေတနာ သဒ္ဓါ ပညာ ဝီရိယတရားတို့ကြောင့် ယောဂီအပေါင်း သူတော်ကောင်းတို့သည် အလိုရှိအပ် တောင်းတအပ်သော မအို မနာ မသေ အမြဲနေရာဖြစ်သော နိဗ္ဗာန်သို့လည်းကောင်း၊ မိမိတို့ ပွားများအားထုတ်ဆဲဖြစ်သော ဒါန သီလ စေတနာကံနှင့်တကွ ဝိပဿနာဉာဏ်သည် လျှင်မြန်စွာ မဂ်ဉာဏ်သို့ကျေးဇူးပြု၍ နိဗ္ဗာန်သို့ ရလွယ် ရောက်လွယ် မျက်မှောက်ပြုလွယ်နိုင်ကြသည်ဖြစ်ပါစေ။…

(အလုပ်စဉ်အတိုင်း ကျင့်ကြံပွါးများ အားထုတ်ပါမည် အရှင်ဘုရား) ၂ ခေါက်

( ခ) ပဋ္ဌိစ္စသမုပ္ပါဒ်သင်တန်းတရားဟောကြနာကြမှာ ဖြစ်ပါတယ်…

(ခိုနားရာဓမ္မရိပ်သာ(၈)ခုတို့၏ ပင်မဓမ္မရိပ်သာ စမ်းချောင်း၊ ရန်ကုန်။) ယနေ့ သာသနာတော် (----------)နှစ်။ ကောဇာ သက္ကရာဇ် (---------) ခုနှစ်၊ (---------) လ၊ (--------)ရက်၊ ခရစ်သက္ကရာဇ်(————)နေ့၊ ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ မူလဉယျာဉ်တိုက်၊ သာသနဝေပုလ္လ ခိုနားရာဓမ္မရိပ်သာ(၈)ခုတို့၏ ပင်မဓမ္မရိပ်သာကြီးအတွင်း(------)ကြိမ်မြောက်စီရင် ကျင်းပပူဇော်အပ်သော (၇)ရက် အဓိဋ္ဌာန်

နိဗ္ဗာန်ဝင်လမ်း အဓိဋ္ဌာန်တရားစခန်းပွဲရဲ့(———)ရက်မြောက်သော နေ့လည်ခင်းမှာဖြင့် ဘုရားရှင်၏ အလိုတော်ကြ ဆရာသခင် ကျေးဇူးရှင်တို့၏ ဥပနိဿယအတိုင်း ပဋိစ္စ သမုပ္ပါဒ်သင်တန်း တရားတော်များဖြင့် ဟောကြနာကြမှာဖြစ်ပါတယ်။ တရားတော်ကို မဟောကြားကြသေးမီ မနာကြားကြသေးမီ ဓမ္မိဿရော ဓမ္မရာဇာ ဓမ္မသာမိ တရားအားလုံးတို့၏ ပိုင်ရှင်မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးကို အရဟံဂုဏ်တော် ၃ ချက်ဖြင့် ပူဇော်ကြမှာ ဖြစ်ပါတယ်။ တစ်ခေါက်တိုင်ပေးတဲ့အခါ ၁ ခေါက်စီ ပြန်လည် ပူဇော်ကြရမှာ ဖြစ်ပါတယ်၊ အားလုံးလိုက်ဆို...

(အရဟံ ကိလေသာ အညစ်အကြေးတို့မှ ကင်းစင်တော်မူသော မြတ်စွာဘုရား။) ၂ ခေါက်

(အရဟံ စိတ်ကွယ်ရာ အရပ်၌မကောင်းမှုမှန်သမျှတို့ကို ကာယကံ ဝစီကံ မနောကံတို့ဖြင့် ပြုတော်မမူ ပြောတော်မမူ ကြံစည်တော်မမူသော မြတ်စွာဘုရား။) ၂ ခေါက်

(အရဟံ လူမင်း၊ နတ်မင်း၊ ဗြဟ္မာမင်းတို့၏ ပူဇော်ရာ အထူးကိုခံယူတော် မူထိုက်သော မြတ်စွာဘုရား။) ၂ ခေါက်

သတ္တဝါဟူသ၍ တရားတွေ့ ချမ်းမြေ့သာယာရှိပါစေ။

သတ္တဝါအများ မြတ်တရား နာကြားနိုင်ကြပါစေ။

သတ္တဝါအများ မြတ်တရား ခိုနားနိုင်ကြပါစေ။

...သာဓု...သာဓု...သာဓု...

အဆင်ပြေ မျှတ သက်သာသော ဣရိယာပုတ်တို့ဖြင့် ပဋိစ္စသမုပ္ပါဒ်သင်တန်းတရားကို နာယူနိုင်ကြပါပြီ။...



## ၆။ ညနေသစ္စာတရား

၁။ ဆုပေး....

အမြတ်ဆုံးဖြစ်သော ဘုရားရတနာ၊ အမြတ်ဆုံးဖြစ်သော တရားရတနာ၊ အမြတ်ဆုံးဖြစ်သော သံဃာရတနာ၊ ရတနာ မြတ်သုံးပါး အပေါင်းတို့နှင့်တကွ ဆရာသမားတို့အား ရိုသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးပူဇော် ဖူးမျှော်မာန်လျှော့ ကန်တော့ကြရခြင်းတည်း ဟူသော ပုဗ္ဗဝန္တ ပဏာမစေတနာ သဒ္ဓါ ပညာ ဝီရိယတရားတို့ကြောင့် ယောဂီအပေါင်း သူတော်ကောင်းတို့သည် အလိုရှိအပ် တောင်းတအပ်သော မအို မနာ မသေ အမြဲနေရာဖြစ်သော နိဗ္ဗာန်သို့လည်းကောင်း၊ ဒုက္ခ ခပ်သိမ်း ချုပ်ပြတ်ငြိမ်းသည့် အေးငြိမ်းရာအမှန်ဖြစ်သော နိဗ္ဗာန်သို့လည်းကောင်း၊ တစ်ထောင့်ငါးရာကိလေသာ အပူခတ်၊ လောင်ခတ်တို့၏ ချုပ်ရာ ငြိမ်းရာ သိမ်းရာဖြစ်သော နိဗ္ဗာန်သို့လည်းကောင်း၊ မိမိတို့ပွားများ အားထုတ်ဆဲဖြစ်သော ဒါနသီလ စေတနာကံနှင့်တကွ ဝိပဿနာဉာဏ်သည် လျင်မြန်စွာ မဂ်ဉာဏ်သို့ကျေးဇူးပြု၍ နိဗ္ဗာန်သို့ ရလွယ် ရောက်လွယ် မျက်မှောက် ပြုလွယ်နိုင်ကြသည်ဖြစ်ကြပါစေ။...

## ၁။ ဆရာတော်ပလ္လင်တက်မေတ္တာပို့သရန်

ဆရာတော် ဆရာတော် ခိုနားရာဆရာတော် ဘေးရန်ကင်းပါစေ

စိတ်ဆင်းရဲခြင်း ကင်းပါစေ၊ ကိုယ်ဆင်းရဲခြင်းကင်းပါစေ

သာသနာ့အကျိုး ဘာသာ့အကျိုး ဆောင်ရွက်နိုင်ပါစေ

တပည့်ဒါယကာ ဒါယိကာမအပေါင်းတို့ ပို့သလိုက်တဲ့

မေတ္တာတော်ရေ အောင်စေ အောင်စေ အောင်စေယွန်းလို့

သွန်းတဲ့မေတ္တာရေ

........သာဓု.......သာဓု........သာဓု........

မှတ်ချက်။ "ဆရာတော်ပလ္လင်တက် (၃) ခေါက်ရွတ်ဆိုရန်"

"ပလ္လင်ဆင်း (၂) ခေါက်ရွတ်ဆိုရန်"



## ၂။ တရားပွဲစကြမှာ ဖြစ်ပါတယ်...

(ခိုနားရာ ဓမ္မရိပ်သာ (၈) ခုတို့၏ ပင်မဓမ္မရိပ်သာ စမ်းချောင်း၊ ရန်ကုန်။) ယနေ့သာသနာတော်နှစ်(-----)နှစ်၊ ကောဇာသက္ကရာဇ် (-----)ခုနှစ်၊ (-------)လ၊ (------)ရက်၊ ခရစ်သက္ကရာဇ်(---------)နေ့၊ ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ မူလဥယျာဉ်တိုက်၊ သာသနဝေပုလ္လ ခိုနားရာ ဓမ္မရိပ်သာ (၈) ခုတို့၏ ပင်မဓမ္မရိမ်သာကြီးအတွင်း(------)ကြိမ်မြောက် စီရင်ကျင်းပပူဇော်အပ်သော (၇) ရက် အဓိဋ္ဌာန် နိဗ္ဗာန်ဝင်လမ်း အဓိဋ္ဌာန်တရားစခန်းပွဲရဲ့(———)ရက်မြောက်သော ညနေခင်းမှာဖြင့် ဘုရားရှင်၏အလိုတော်ကြ ဆရာသခင် ကျေးဇူးရှင်တို့၏ ဥပနိဿယအတိုင်း မြတ်ဗုဒ္ဓဟောကြားခဲ့သော ဒေသနာတော်များဖြင့် ဟောကြားပေးသွားမှာ ဖြစ်ပါတယ်။ တရားတော်ကို မဟောကြားသေးမှီ မနာကြားကြသေမှီ ချပေးတာကို လိုက်ဆိုပြီး ဓမ္မာသနပလ္လင် စတင်ဖွင့်လှစ်ကြစို့၊ အားလုံးလိုက်ဆို...

ဗုဒ္ဓဂုဏ်များ စိတ်မှာထား လေးစားကြည်ညိုမည်။ ၂ ခေါက်

ဓမ္မဂုဏ်များ စိတ်မှာထား လေးစားနာယူမည်။ ၂ ခေါက်

သံဃဂုဏ်များ စိတ်မှာထား လေးစားကိုးကွယ်မည်။ ၂ ခေါက်

ဗုဒ္ဓရင်ခွင် ခိုနားဝင် အပူကင်းပါစေ။ ၂ ခေါက်

ဓမ္မရင်ခွင် ခိုနားဝင် အပူကင်းပါစေ။ ၂ ခေါက်

သံဃရင်ခွင် ခိုနားဝင် အပူကင်းပါစေ။ ၂ ခေါက်

မိဘရင်ခွင် ခိုနားဝင် အပူကင်းပါစေ။ ၂ ခေါက်

ဆရာရင်ခွင် ခိုနားဝင် အပူကင်းပါစေ။ ၂ ခေါက်

သတ္တဝါဟူသ၍ တရားတွေ့ချမ်းမြေ့သာယာရှိပါစေ။

သတ္တဝါအများ မြတ်တရား နာကြားနိုင်ကြပါစေ။

သတ္တဝါအများ မြတ်တရား ခိုနားနိုင်ကြပါစေ။

ဣတေန သစ္စဝဇ္ဇေန ဤသို့နှုတ်သံ ဖော်ထုတ်ပြန်၍ ဟုတ်မှန်သော ပဏာနသစ္စာစကား မေတ္တာစကားကို ပြောကြားရခြင်းကြောင့်။ တေတုမှာကံ၊ တရားချစ်ခင် စိတ်ကျွမ်းဝင် ကြကုန်သော သင်သူတော်စင် ပရိတ်သတ်အပေါင်းတို့သည်။ သုခိတာ၊ ကိုယ်စိတ်နှစ်ဖြာ ဖျာပါမငြီး ကျန်းမာခြင်း ချမ်းသာခြင်းနှင့် ပြည့်စုံကြကုန်သည်။ ဟောန္တု၊ စင်စစ်မသွေ ဖြစ်ကြပါစေ ကုန်သတည်း။...

...သာဓု...သာဓု...သာဓု...

## (သစ္စာတရား)

## ( ၇ ရက်သားသမီး မေတ္တာပို့)

တနင်္ဂနွေသားသမီး ပါရမီရှင်တွေ စည်းစိမ်တိုးလို့ ပြည့်ဖြိုးလျှံဝေ၊ ခိုနားရာတရား နာကြားခဲ့ပေ၊ အဓိဋ္ဌာန်လည်းမြောက်စေ၊ နိဗ္ဗာန်လည်းရောက်စေ၊ ရတနာ ၃ ပါး စည်းကပ်နိုင်စေ၊ ဘေးမခ အေးမြကြပါစေ။

တနင်္လာသားသမီး ပါရမီရှင်တွေ စည်းစိမ်တိုးလို့ ပြည့်ဖြိုးလျှံဝေ၊ ခိုနားရာတရား နာကြားခဲ့ပေ၊ အဓိဋ္ဌာန်လည်းမြောက်စေ၊ နိဗ္ဗာန်လည်းရောက်စေ၊ ရတနာ ၃ ပါးစည်းကပ်နိုင်စေ၊ ဘေးမခ အေးမြကြပါစေ။



အင်္ဂါသားသမီး ပါရမီရှင်တွေ စည်းစိမ်တိုးလို့ ပြည့်ဖြိုးလျှံဝေ၊ ခိုနားရာတရား နာကြားခဲ့ပေ၊ အဓိဋ္ဌာန်လည်းမြောက်စေ၊ နိဗ္ဗာန်လည်းရောက်စေ၊ ရတနာ ၃ ပါး စည်းကပ်နိုင်စေ၊ ဘေးမခ အေးမြကြပါစေ။

ဗုဒ္ဓဟူးသားသမီး ပါရမီရှင်တွေ စည်းစိမ်တိုးလို့ ပြည့်ဖြိုးလျှံဝေ၊ ခိုနားရာတရား နာကြားခဲ့ပေ၊ အဓိဋ္ဌာန်လည်းမြောက်စေ၊ နိဗ္ဗာန်လည်းရောက်စေ၊ ရတနာ ၃ ပါး စည်းကပ်နိုင်စေ၊ ဘေးမခ အေးမြကြပါစေ။

ရာဟုသားသမီး ပါရမီရှင်တွေ စည်းစိမ်တိုးလို့ ပြည့်ဖြိုးလျှံဝေ၊ ခိုနားရာတရား နာကြားခဲ့ပေ၊ အဓိဋ္ဌာန်လည်းမြောက်စေ၊ နိဗ္ဗာန်လည်းရောက်စေ၊ ရတနာ ၃ ပါး စည်းကပ်နိုင်စေ၊ ဘေးမခ အေးမြကြပါစေ။

ကြာသပတေးသားသမီး ပါရမီရှင်တွေ စည်းစိမ်တိုးလို့ ပြည့်ဖြိုးလျှံဝေ၊ ခိုနားရာတရား နာကြားခဲ့ပေ၊ အဓိဋ္ဌာန်လည်း မြောက်စေ၊ နိဗ္ဗာန်လည်းရောက်စေ၊ ရတနာ ၃ ပါး စည်းကပ်နိုင်စေ၊ ဘေးမခ အေးမြကြပါစေ။

သောကြာသားသမီး ပါရမီရှင်တွေ စည်းစိမ်တိုးလို့ ပြည့်ဖြိုးလျှံဝေ၊ ခိုနားရာတရား နာကြားခဲ့ပေ၊ အဓိဋ္ဌာန်လည်းမြောက်စေ၊ နိဗ္ဗာန်လည်းရောက်စေ၊ ရတနာ ၃ ပါး စည်းကပ်နိုင်စေ၊ ဘေးမခ အေးမြကြပါစေ။

စနေသားသမီး ပါရမီရှင်တွေ စည်းစိမ်တိုးလို့ ပြည့်ဖြိုးလျှံဝေ၊ ခိုနားရာတရား နာကြားခဲ့ပေ၊ အဓိဋ္ဌာန်လည်းမြောက်စေ၊ နိဗ္ဗာန်လည်းရောက်စေ၊ ရတနာ ၃ ပါး စည်းကပ်နိုင်စေ၊ ဘေးမခ အေးမြကြပါစေ။

...သာဓု...သာဓု...သာဓု...

## (ရတနာ ၃ ပါးပူဇော်)

ဣမာယ ဓမ္မာနု ဓမ္မပဋိပတ္တိယာ ဗုဒ္ဓံ ပူဇေမိ။

ဣမာယ ဓမ္မာနု ဓမ္မပဋိပတ္တိယာ ဓမ္မံ ပူဇေမိ။

ဣမာယ ဓမ္မာနု ဓမ္မပဋိပတ္တိယာ သံဃံ ပူဇေမိ။

ဣမာယ ဓမ္မာနု ဓမ္မပဋိပတ္တိယာ၊ လောကုတ္တရာတရား ကိုးပါးအားလျော်ဖြစ်သော ဤအကျင့်အမြတ် ပဋိပတ်ဖြင့်။ ဗုဒ္ဓံ၊ မြတ်စွာဘုရားကို။ ပူဇေမိ၊ ပူဇော်ပါ၏ အရှင်ဘုရား။

ဣမာယ ဓမ္မာနု ဓမ္မပဋိပတ္တိယာ၊ လောကုတ္တရာတရား ကိုးပါးအားလျော်ဖြစ်သော ဤအကျင့်အမြတ် ပဋိပတ်ဖြင့်။ ဓမ္မံ၊ တရားတော်မြတ်ကို။ ပူဇေမိ၊ ပူဇော်ပါ၏ အရှင်ဘုရား။

ဣမာယ ဓမ္မာနု ဓမ္မပဋိပတ္တိယာ၊ လောကုတ္တရာတရား ကိုးပါးအားလျော်ဖြစ်သော ဤအကျင့်အမြတ် ပဋိပတ်ဖြင့်။ သံဃံ၊ သံဃာတော်အပေါင်းကို။ ပူဇေမိ၊ ပူဇော်ပါ၏ အရှင်ဘုရား။



## (အမျှဝေ)

အမြတ်ဆုံးသော ပူဇော်ခြင်းဖြင့် မဂ်ဉာဏ်၊ ဖိုလ်ဉာဏ် နိဗ္ဗာန်ကို လျှင်မြန်စွာ မျက်မှောက်ပြုနိုင်ပါစေသား အရှင်မြတ်ဘုရား။

ဤယနေ့ အဖို့၌ အကျွန်ုပ်တို့တစ်စု ပြုလုပ်အားထုတ်ရသော ဒါနကုသိုလ်၊ သီလကုသိုလ်၊ ဘာဝနာကုသိုလ် အစရှိသော အထူးထူးသော ကုသိုလ်တို့၏ အဖို့ဘာဂကို ရှေးရှေးဘဝ၊ ယခုဘဝ တော်စပ်ကြကုန်သော အမိအဖ၊ အဘိုးအဘွား၊ ဆရာသမား အစထား၍ အားလုံးသော သတ္တဝါအပေါင်းတို့အား အမျှပေးဝေပါကုန်၏ အမျှရ၍ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာ၊ ဝမ်းသာကြသည် ဖြစ်ကြပါစေကုန်သော်ဝ်။

ကုသိုလ်...အမျှ...အမျှ...မျှ...ယူတော်မူကြပါကုန်လော့...
သာဓု...သာဓု...သာဓု...

ကုသိုလ်...အမျှ...အမျှ...မျှ...ယူတော်မူကြပါကုန်လော့...
သာဓု...သာဓု...သာဓု...

ကုသိုလ်...အမျှ...အမျှ...မျှ...ယူတော်မူကြပါကုန်လော့...
သာဓု...သာဓု...သာဓု...